ရွှေပြည်သိမ်းစာပေ

# လုံမ

## ခြား နား ခြင်း နိ ယာ မ



အချစ်

လုံးချင်းဝတ္ထုသစ်

အုပ် (၅၀) မြောက် ရွှေရတုအထူးထုတ်အဖြစ် စာဖတ်ပရိသတ်များအတွက်

စာရေးဆရာမ လုံမ ၏ ဒဿနစာစုများ မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်။

## အခန်း(၁)

"ဖောင်း....ဗုန်း"

"အ"

နောက်က ချောင်းရိုက်တာခံလိုက်ရ၍ စည်းချက်ညီရှေ့သို့ ဟပ်ထိုးလဲကာပစ်ကျသွားသည်။ ခေါင်းကို စမ်းကြည့်လိုက်တော့ စေးကပ်သောအရာတို့က ခေါင်းကွဲသွား၍ သွေးထွက်သွားတာပဲ ဖြစ်နိုင်သည်။

ဒီလောက်နာကျင်မှုကိုတော့ စည်းချက်ညီ ဂရုမစိုက်တတ်။ နာကျင်မှုကြောင့် မဟုတ်ပေမယ့် ကိုယ့်ခန္ဓာကိုယ်ထဲက သွေးထွက်သွားတာကိုတော့ ဒေါသကနှစ်ဆမကဖြစ်သွားသည်။ ဒါဟာအောက် တန်းကျသော ကျော်ခိုင်ဘွားတို့ လက်ချက်ဖြစ်မည်။

သူတို့ မကျေမနပ်ဖြစ်နေမည့်ကောင်တွေက အများကြီးပါ။ သူကလက်ရဲဇတ်ရဲမဟုတ်မခံ။ ဟုတ်လည်းခံချင်မှခံတက်တာ။ ရန်ပွဲကို ကိုယ်က အရင်မစတက်ပေမယ့် ကိုုယ်နှင့်ပတ်သက်သူတွေကို ထိပါးလျှင်လည်း မခံတက်။

ကိုယ်နှင့်အရင်ဖြေရှင်းပြီး ကိုယ်ကြောင့်ပဲ ရန်စကရှည်သွားတက်သည်။

"အား ...တောက်"

စိတ်ထဲက မကျေနပ်မှုများဖြင့် ဒူးထောက်ထိုင်လိုက်ရင်း....

အံကြိတ်ကာ တက်ခေါက်လိုက်သည်။ အနားမှာ ခြေထောက်သုံးစုံနှင့် ညာသံပေးကာ ဝင်လာ ကြသည်မဟုတ်လား။

ဘယ်နှစ်ယောက်ပဲလာလာ။ မျက်နှာချင်းဆိုင်သာဆိုလျှင် သူကိုယ်မှာ

တစ်ခါမှ သွေးထွက်သံ ယိုမဖြစ်ဖူးပါ။

ဒီလိုလုပ်လျှင် မနိုင်နိုင်တာသိလို့ မိန်းမပျက်အတွေးနှင့် သူ့ကိုချောင်းရိုက်ကြခြင်းဖြစ်သည်။

"ဟိတ်....ယားစ်"

"အင်း...ဗုန်း"

"ဖောင်း...ခွပ်"

သူတစ်ချက်မှ အငိုက်မိမခံတော့ဘဲ ပညာကုန်ထုတ်သုံးလိုက်သည်။ သုံးယောက်တစ်ယောက် ဆိုသော်လည်း သူ့အတွက်မှုစရာမဟုတ်ပါ။ ကိုယ့်မခံရဖို့အတွက် ခါးပတ်နက်အထိရအောင် သူ့ပညာ တွေသင်ထားသည်။ ဒီလောကမှာ လူမိုက်မလုပ်ချင်တောင် လူလိမ္မာဖြစ်ဖို့တော့ ခဲယဉ်းလိမ့်မည်။

"ရော့အင်"

"အ...အား"

"နောက်တစ်ယောက်အတွက် နောက်တစ်ကွက်"

"လစ်တော့"

ကျောခိုင်းဘွားရဲ့သတိပေးသံ။ အခုမှ ပီပီပြင်ပြင်ကြားရသည်။ လှစ်ခနဲ ကုန်းရုန်းပြေးတာမြင် လိုက်ရပြီး ကျော်ခိုင်ဘွားရဲ့ ပြိုင်ကားလေးအမှောင်ထဲက ကွယ်ပျောက်သွားသည့်အထိ နေရာမှရပ်နေ လျက်ပင် ကြည့်နေလိုက်သည်။

"ဟာ....စည်း ဘာဖြစ်တာလဲ"

"ဟိတ်ကောင် ...စည်း၊ မင်းကိုဘယ်ကောင်တွေ ဘာလုပ်သွားတာလဲ"

ကျော်စွာနှင့် အောင်ကြီးအခုမှ ဆိုင်ထဲကထွက်လာပြီး ပျာယာခတ်အောင် မေးကြသည်။ သူက ခေါင်းကသွေးကို မသုတ်ဘဲ

လက်နှစ်ဖက်ဖြင့် ဖုတ်ဖတ်ခါလိုက်ပြီး…

“ကျော်ခိုင်ဘွား အောက်တန်းကျတာ ငါဆိုင်ထဲကထွက်လာတာကိုစောင့်ပြီး ချောင်းရိုက်တယ်။ တစ်ချက်တော့အငိုက်မိပြီးခံလိုက်ရတာ ပေါ့ကွာ၊ ဒါပေမဲ့ ထုံးစံအတိုင်း ပြေးတာတန်းနေတာပဲ”

“အဲဒါ ရွှန်းနဲ့ပတ်သက်နေမလား”

“သေချာတာပေ့ါ။ ဒီကောင် ရွှန်းကိုမရလို့ ငါ့ကိုဖြုတ်ချင်နေတာ”

“ရွှန်းသိရင်တော့ စိတ်မကောင်းဖြစ်တော့မှာပဲ။ ပြောမနေပါနဲ့ကွာ”

“ပြောမှသိမှာ သိအောင်ပြောရမယ်။ ရွှန်းမိဘတွေက ကျော်ခိုင်ဘွားလိုကောင်ကို လူကောင်း ထင်နေတာကွ။ ငါတို့တော့ လူမိုက်ဂုဏ်ပုဒ်တွေထပ်ပြီး သဘောတူချင်တာမဟုတ်ဘူး”

“အဲဒါကျတော့ မင်းကလည်းမင်းပဲ၊ ရွှန်းမိဘတွေ လက်ခံလာအောင် လိမ္မာပြတာမျိုးမှမရှိတာ”

“မင်းတို့ကပါ ငါ့ကိုလူမိုက်လို့ပြောချင်တာလား”

စည်းချက်ညီ ခပ်တင်းတင်းမေးတော့ ကျော်စွာနှင့်အောင်ကြီးပျာပျာသလဲဖြစ်သွားကြကာ…

“ဟာ…အဲလိုမဟုတ်ပါဘူး စည်းရာ၊ မင်းအကြောင်းငါတို့ သိပါတယ်။ မင်းကမဟုတ်မခံ ကိုယ့် အပေါ်ရောသူငယ်ချင်းတွေအပေါ်ရော လူလည်လုပ်မခံတာဆိုတာ ငါတို့နားလည်ပါတယ်။ ဒါပေမဲ့ ရွှန်း နဲ့ ပတ်သက်ရင် နည်းနည်းနူးညံ့ဖို့လို လိမ့်မယ်လို့တော့ ထင်တယ်”

“သွားစမ်းပါ၊ စည်းချက်ညီ ဟန်မဆောင်တတ်ဘူး။ ဟန်မဆောင်တတ်တဲ့ စည်းချက်ညီကို ရွှန်းတင့်ကြွေ ဟန်မဆောင်နိုင်ဘဲ

ချစ်ခဲ့တာပဲ။ သူ့မိဘတွေလက်ခံဖို့ဆိုတာ အချိန်တန်ဖြစ်လာလိမ့်မယ်”

“အေးပါကွာ…. အေးပါ။ ဒါနဲ့ မင်းခေါင်းပေါက်သွားတယ် ထင်တယ်နော်။ သွေးတွေစီးကျနေ တယ်၊ ဟော့ကောင် ဆေးခန်းသွားမလာ”

“ဒီကောင်တွေက မင်းတို့ကို ကြောက်တာကိုး၊ အစီအစဉ် ရှိပြီး သားမို့ အလစ်ချောင်းနေကြတာ ကွ။ ငါတို့က ဒီကောင်တွေဆိုင်ထဲရောက်နေမှန်း သတိမထားမိဖြစ်သွားကြတာ။ ဒါပေမဲ့ ဒီကောင်တွေ အနာဂတ်မလှပတော့မှာ နောင်တတော့ရသွားမှာပါ။ စည်းချက်ညီ အငြိုးအတေးကြီးတယ်ဆိုတာ ဒီကောင်တွေ သိတယ်”

“သံသရာတော့ အရှည်စေချင်ဘူးကွာ၊ ရွှန်းမျက်နှာလည်းရှိသေးတယ်”

“ရွှန်းမျက်နှာကြောင့် ဒီကောင်တွေကို ပိုပြီးခေါင်းငုံ့မခံသင့်တာကွ။ မျက်နှာသာပေးလိုက်ရင်း ရွှန်းကိုတောင် သုတ်သွားဦးမယ်”

“မင်းပြောတာလည်း ဟုတ်တာပဲ။ ကျော်ခိုင်ဘွားကလည်း ခေသူမဟုတ်ဘူး”

“အဲဒါကြောင့် စိတ်ပူမနေနဲ့ ဒီကောင်နဲ့ငါက ရန်စရှည်နေဦးမှာပဲ။ သူရွှန်းအနားမှာ မရှိတော့ဘူး ဆိုရင်တော့ တစ်မျိုးပေ့ါကွာ။ ဒါပေမဲ့ ဒီနေ့ကိစ္စကိုတော့ ငါမေ့လိုက်မှာမဟုတ်ဘူး။ ရင်ထဲမှာရော ဦးနှောက်ထဲမှာရော မှတ်ထားမှာ”

စည်းချက်ညီကို ကျော်စွာတို့ပြောလို့မနိုင်။ စည်းချက်ညီ စိတ်ကိုကျော်စွာတို့သိသည်။

သူကိုထိလျှင် တစ်သက်လုံး အငြိုးပြေမည်မဟုတ်….။

***

## အခန်း(၂)

“သားရယ်….ရန်ဖြစ်လာပြန်ပြီလေ။ ထိပ်ပေါက်ခေါင်းကွဲတောင်ဖြစ်လာပြီ။ နောက်ဆိုလူသတ်တဲ့ အဆင့်တောင်ဖြစ်လာတော့မလား မသိဘူး။

“ကျော့ရယ်….. ဘယ်လိုတွေ နိမိတ်ဖတ်နေတာလဲကွာ။ သားက အဲလောက်ဆိုးတဲ့သူမဟုတ် ပါဘူး။ ဘယ်လိုဖြစ်လာတယ်ဆိုတာ အကျိုးအကြောင်းအရင်မေးကြည့်လိုက်၏ ။

“ကဲ….ပြောစမ်းပါဦး။ မင်းအဖေ မေးခိုင်းတော့လည်း မေးရဦးမှာပေ့ါ။ ဘယ်လိုများ သောက်ရင်း စားရင်း ရန်ပွဲဖြစ်လာရတာ လဲ”””

“သောက်ရင်းစားရင်း မဟုတ်ပါဘူး မေမေ။ ချောင်းအရိုက်ခံရတာ ပါ”

“ဘာ..သား ချောင်း အရိုက်ခံရတယ် ဟုတ်လား”

“အဲဒါကြည့် ချောင်းအရိုက်ခံရပြီဆိုကတည်းက ရန်ငြိုးရှိလို့ပေ့ါ။ အခုချောင်းရိုက်ရုံပဲ ရိုက်ခံရ တာ နောက်ဆို…”

“ကဲပါ ကျော့ရယ် အဲဒါတွေမပြောပါနဲ့ သားနောက်အဲလို မဖြစ်အောင် ဂရုစိုက်လိုက်ပါကွာ။ ကိုယ်ကလုပ်ခဲ့ရတာ လည်း မကောင်းဘူး။ ကိုယ်ကလုပ်ခံရတာ လည်း မကောင်းပါဘူး။ အသက်အန္တ ရာယ်ထိဖြစ်တော့ ဘယ်လိုလုပ်မလဲသားရယ်”

“ဖေဖေကလည်း အဲလောက်ထိတော့ဖြစ်မလား။ လူငယ်အချင်းချင်း မခံမရပ်ဖြစ်တဲ့ အဖြစ်အ ပျက်ပါ။ ကိုယ်မလည်ရင် ကိုယ်ခံရမှာပဲ ဖေဖေ

ငြိမ်ခံနေလို့ဖြစ်တဲ့ ကိစ္စမဟုတ်ဘူး”

“ကြည့်ကိုအောင် သားလူမိုက်စကားပြောနေတာ

ဒေါ်ကျော့ဧကရီက မိန်းမသားပီပီ အစိုးရိမ်ပိုကာ ပျာပျာသလဲ ဖြစ်နေပေမယ့် ဦးထင်အောင် ကတော့ သွေးအေးအေးပင်။

သားပြောတာလည်း ဟုတ်တာပဲလေ။ အခုခေတ်လူငယ်တွေက အမြဲသွေးဆူပြီး ရန်စပဲ ပျိုးနေ ချင်ကြတာ။ ကိုယ်က သည်းခံလို့လည်း ရှောင်သွားမယ့်သူတွေမဟုတ်ဘူး။ ကိုယ်လက်မဦးရင် ကိုယ် ခံရရုံပဲရှိမယ်”

“ကိုအောင်က သားကိုလူမိုက်အားပေးလုပ်နေတာလား အဲဒါမိဘနေရာက ဆုံးမနေတာမဟုတ် ဘူးနော်”

ကိုယ်လည်း သားကိုအဲလိုဖြစ်စေချင်ပါ့မလားကွာ။ ခေတ်ကိုက မကောင်းတော့တာ ဘယ်လို လုပ်မလဲ

အဲဒါပဲ လူတွေက မကောင်းတော့ဘူးဆိုရင် ခေတ်ကိုပဲ လွှဲချနေတော့တယ်။ ကိုယ်က ဘယ်လို ကောင်းအောင်နေမယ်ဆိုတာ မစဉ်းစားဘူး သားကိုအဲလိုမြှောက်ပင့်ပေးတဲ့ပုံစံမျိုး ကျော့မကြိုက်ဘူး နော် ကိုအောင်

ဒေါ်ကျော့ဧကရီ ခပ်တင်းတင်းပြောတော့ ဦးထင်အောင်မလှုပ်ရဲတော့ပေ။ သားကိုချစ်ကြတာ ချင်းတူပေမယ့် ဖြစ်စေချင်သည့်နည်းလမ်းကတော့ မတူကြပေ။

ဒေါ်ကျော့ဧကရီက သားကို လူဆိုးလူမိုက်မဖြစ်အောင် တင်းတင်းကျပ်ကျပ် အုပ်ချုပ်စေချင် တာပါ။ ဦးထင်အောင်ကတော့ သားကိုမျက်နှာအညှိုးမခံချင်။ဒါကြောင့်မို့ သားကို အလိုလိုက်ကာ ဖြည့် ဆည်းချင်သည့် ဆန္ဒတစ်ခုသာရှိသည်။

အခု အမေဆူလို့ သားမျက်နှာငယ်သွားတာကို စိတ်ကောင်းပေ။

“သား”

“ဗျာ”

“နောက်ကို ရန်မဖြစ်အောင် ရန်ငြိုးရန်စမရှိအောင် ဆင်ခြင်ပါသား။ မေမေတို့ မျိုးရိုးထဲမှာ သား လိုဘီယာသောက် အရက်သောက်ရန်ဖြစ်နေတဲ့ လူမျိုးရှိလို့လား။ သားဦးလေးတွေ အဒေါ်တွေ သူတို့ မွေးထားတဲ့သားတွေအားလုံး ဆရာဝန်၊ အင်ဂျင်နီယာ ဒီပလိုမာတွေနဲ့ အားလုံးပညာတတ်အဆင့်အတန်းရှိတဲ့သူတွေချည်းပဲ။ ဟုတ်တယ် မဟုတ်လား”

“ဟုတ်ကဲ့”

“ဘာလို့ သူတို့ကို အတုယူ အားမကျတာလဲသား။ ဘာလို့ လူဆိုးလူမိုက်စိတ်မွေးနေတာလဲ”

“သားလည်း ဆိုးချင်လို့မဟုတ်ပါဘူး။ ဒီလိုပဲဖြစ်ဖြစ် သွားတာ”

“ဆင်ခြေမပေးနဲ့သား။ မဖြစ်အောင် နေလို့ရတယ်။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာပဲ။ သားဘက်က ရန်ငြိုးရန်စမရှိရင် ဟိုတစ်ဖက်ကရော ရန်ငြိုးရန်စထားပ့ါမလား။စစ်တိုက်တယ်စစ်ဖြစ် တယ်ဆိုတာလည်း တစ်ဖက်တည်းက တိုက်နေလို့ဖြစ်ကြတာမဟုတ်ဘူး။ အပြန်အလှန်ပစ်ကြခတ်ကြ လို့ ဖြစ်ကြတာ။ တစ်ယောက်မှာ အမုန်းစိတ်နဲ့ တစ်ယောက်မှာ အငြိုးစိတ်ရှိကြလို့ဖြစ်ကြတာ။ မေမေ ပြောတာလက်ခံလား”

“ဟုတ်ကဲ့…ဟုတ်ပါတယ် မေမေ”

မေမေပြောနေတာကို စောဒကမတက်ရဲ၊ အချေအတင်တုံ့ပြန်နေလျှင် ပြဿနာကမပြီးဘဲ မိုး လင်းသွားနိုင်သည်။ သူ့ကိုမေမေ ဆူပူနေတာကို သနားသလိုဖြင့် ဘေးမှာရပ်ကြည့်နေသော အိမ်အကူ အဒေါ်ကြီးခင်ညိုမျက်နှာမကောင်း၊ ဖြစ်နေတာကို သူသတိထားမိသည်။

ဖေဖေကတော့ မေမေစိတ်တို နေမှန်းသိ၍ ဘာမှဝင်မပြောတော့ပါ။ မေမေက သူ့မျက်နှာကို သေချာစိုက်ကြည့်ပြီး….

“အေး… သား အဲလိုသဘောပေါက်တယ်ဆိုရင် ဆင်ခြင်နိုင်ရမှာပေ့ါမဟုတ်ဘူးလား။ အခု သား ဘွဲ့ရဖို့ တစ်နှစ်လိုသေးတယ်။ သောက်တတ်စားတတ်။ သူငယ်ချင်းတွေနဲ့ လည်ပတ်တတ်နေတာ ကောင်းသလား”

“တချို့တွေလည်း အဲလိုပါပဲ မေမေ”

“အဲဒီ တချို့တွေနဲ့ နှိုင်းယှဉ်တာ မေမေမကြိုက်ဘူး သား။ မကောင်းတာကို အတုခိုးတာ အဲဒါ အောက်တန်းကျတဲ့စိတ်၊ အောက်တန်းကျတဲ့ အဆင့်အတန်း ပဲ တကယ်အဆင့်အတန်းရှိတဲ့သူက ကောင်းတာကိုပဲ အတုခိုးတယ်။ ကောင်းတာကိုပဲလုပ်တယ်။ အဲဒါသားနားလည်လား”

“ကျော့…သားဒဏ်ရာကို ဆေးအရင် ထည့်ဖို့လုပ်ပါလားကွ၊ ကျော့စကားတွေကို သားလည်း နားလည်နေပါပြီး သားဒဏ်ရာတွေက သွေးထွက်လွန်ပြီး ခေါင်းမူးလာပါဦးမယ်”

ဦးထင်အောင် ဝင်ပြောတော့။ ဒေါ်ကျော့ကေရီ မျက်လုံးများက ဦးထင်အောင်ဆီ စူးခနဲရောက် သွားကာ

“အဲဒါ သူလုပ်ခဲ့တဲ့ အကျိုးအပြစ်ကို ခံစားရတာ လေ။ သူဒီလိုဖြစ်ခဲ့လို့ ဒီလိုဝေဒနာရတာ ပေ့ါ။ ဒီလိုဝေဒနာမရချင်ရင် ဒီလိုမဖြစ်အောင်နေဖို့ ကျော့ဆုံးမနေတာပါ။ ကဲ…ဒေါ်ခင်ညို သားကို ဆေးထည့် ပေးလိုက်၊ လိုအပ်တာတွေ လုပ်ပေးလိုက်”

“ဟုတ်ကဲ့…ဟုတ်ကဲ့၊ သူဌေးကတော်”

ဒေါ်ခင်ညို ပျာပျာသလဲလေး စည်းချက်ညီလက်ကလေးကိုလာဆွဲကာ

“သားလေးစည်….လာ….လာ၊ ဒေါ်ကြီးတို့ ထမင်းစားခန်းထဲ

ဆေးသွားထည့်ရအောင်နော်”

“ဟုတ်ကဲ့”

နားပူသက်သာအောင် ဒေါ်ခင်ညိုနောက်လိုက်လာခဲ့သည်။ ဒေါ်ခင်ညိုက သူ့ကိုကြည့်ပြီး အခု ထိမျက်နှာမကောင်းသေးပါ။

“သား …. အဲ…စည်း အရမ်းနာနေလားဟင်၊ ဒေါ်ခင်ညို ဆေးထည့်ပေးမယ်နော်”

“မေမေ ဆူတာနဲ့ နားမှန်းတောင်မသိတော့ပါဘူး”

“စိတ်ထဲမထားပါနဲ့ကွာ၊ ဒါပေမဲ့ ဒေါ်ခင်ညိုအထင်တော့ သူဌေးကတော် ပြောဆိုတာက လွန် လွန်းတယ်လို့ ထင်မိတယ်။ သားသမီးကို အဆင့်အတန်းအကြောင်းတွေ သိပ်မပြောသင့်ဘူး မဟုတ် လား”

“မေမေ့ဘက်က အဆင့်အတန်းမြင့်တဲ့သူတွေချည်းပဲဆိုတော့ ကျွန်တော်ကို စိတ်တိုင်းမကျလို့ ဖြစ်မှာပေါ့”

“ဒါပေမဲ့ အတိုင်းအတာတစ်ခုထိလောက်ပဲ ပြောမှပေါ့ကွယ်၊ စိတ်နာလောက်အောင်ထိတော့ မပြောသင့်ဘူးပေါ့။ သူဌေးလည်း မျက်နှာမကောင်းဘူး စည်းကို အဲလောက်ကြီးပြောတာ မကြိုက်ဘူး ထင်တယ်”

ဒေါ်ခင်ညိုလည်း လုံးဝမကြိုက်ဘူးဆိုတာ သိသာနေသည်။ ဒေါ်ခင်ညိုက သူဆယ်နှစ်သား ကျော်ကျော်လောက်ကတည်းက ဒီအိမ်ကိုရောက်လာသည်ဟု ပြောသည်။ ဖေဖေနှင့် ဆွေးမျိုးမကင်း ဟု မကင်းကြောင်းတော်သည်ဟုလည်း ပြော၏ ။

သူသိသလောက်ကတော့ ဒေါ်ခင်ညိုက လူသတ်မှုဖြင့် ထောင်ကျဖူး၍ မေမေကမထားချင်။ ဖေဖေကတော့ ဒေါ်ခင်ညိုမှာ မှီခိုအားထားစရာအားကိုးစရာမရှိ၍ ခေါ်ထားလိုက်ပါလို့ မေမေ့ကို တောင်း

တောင်းပန်ပန်ပြောကာ ခေါ်ထားခြင်းပါ။

ဒါပေမဲ့ ဒီအိမ်ကြီးမှာနေသည့်အခါမှာ ဒေါ်ခင်ညိုကြောင့်တော့ဘာ ပြဿနာမှမတက်ခဲ့။ သူ့ကို လည်း တော်တော်ချစ်သည်။ မေမေဆူလျှင် စိတ်မကောင်းဖြစ်နေတတ်ပြီး။ ငယ်ငယ်တုန်းက ရိုက်ပြီဆို လျှင် အပြောအဆိုခံကာ ဝင်ဆွဲတတ်သည်။

"ကျွန်မကိုပဲ ရိုက်ပါ သူဌေးကတော်ရယ် ကလေးက ဘာမှသိတတ်သေးတဲ့အရွယ်မဟုတ်ပါ ဘူး။ သူ့ကိုရိုက်ရင်နာရုံပဲရှိမှာပေါ့။ ကျွန်မတောင်းပန်ပါတယ်။ သူဌေးကတော်ရယ်"

ထိုသို့ဝင်ဆွဲရင်းနှင့် တောင်းပန်တက်သည်။ မေမေကတော့ ထိုသို့ဝင်ပါတတ်တာကိုမကြိုက် ။ သားသမီးကို ဆုံးမတာ သူစိမ်းဝင်မပါစေချင်။ ဖေဖေကတော့ ကလေးကိုချစ်လို့ပြောတာ ပြောပါစေဟု ဖြေသိမ့်ပေတတ်၏ ။

"အား...... ဒေါ်ခင်ညို စပ်တယ် စပ်တယ်"

အတွေးလွန်နေဆဲမှာ ဒေါ်ခင်ညိုဆေးထည့်လိုက်တာကြောင့် သူငယ်သံပါအောင်အော်လိုက်ရ သည်။ ဒေါ်ခင်ညိုပျာယာခတ်သွားကာ

"စည်း ...ရပါတယ်။ အမှတ်တမဲ့ မို့ပါ။ ရပြီ...ရပြီ...ဒေါ်ခင်ညို"

"ဆေးလေးတော့ သောက်ဦးမှာပေါ့"

"ရပါပြီ"

"မုန့်လေးစားပြီးသောက်ပါ စည်းလေးရယ်။ ဒါမှညကျရင် အနာမကိုက်ဘဲ သက်သက်သာသာ အိပ်နိုင်မှာ"

"ပြီးရော ဒေါ်ခင်ညိုရာ ဘာမုန့်စားရမှာလဲ ဘာဆေးသောက်ရမှာလဲ... ပေး"

နားညည်းမခံချင်တာကြောင့် ဒေါ်ခင်ညိုစိတ်ကို

လိုက်လျှောလိုက်ရသည်။ ဒေါ်ခင်ညိုလည်း သူ့ ကိုချစ်လို့ စိုးရိမ်နေတာမဟုတ်လား။ ဖေဖေကလည်း သူ့ကိုချစ်ပါသည်။ မေမေပဲ သူ့ကိုမချစ်ခဲ့တာ လား။

သူကတော့ မိဘတွေရဲ့အချစ်ကို သိပ်မတွေးတတ်စွာဖြင့်....

***

# အခန်း(၃)

“အဲဒါ ရွှန်းကြောင့်တဲ့လား စည်း။ ရွှန်းက ဘာလုပ်နေလို့လဲ”

“ဒီကောင့်ကို ရွှန်းမျက်နှာသာပေးနေလို့ပေါ့။ အိမ်မှာအဝင် အထွက် အခုထိရှိနေတုန်းမဟုတ် လား”

“ဒါကတော့ မိဘတွေချင်းခင်နေကြတာ သူလည်းအဝင်အထွက် ရှိနေတာပေါ့။ သူ့မိဘက ဟိုဟာဒီဟာ ပေးခိုင်းလိုက်။ မေမေတို့က သူတို့သူငယ်ချင်းကို လက်ဆောင်ပေးလိုက်နဲ့ ရွှန်းက ဘာပြော လို့ရမှာလဲ… စည်းရယ်”

“ကျွတ်”

စည်းချက်ညီ မကျေမချမ်းပင် ထိုင်ရာက ထရပ်လိုက်သည်။ ပြီးမှ ရွှန်းအနားဝင်ထိုင်ကာ..

“မင်းတို့ အဲလောက်အဆင်ပြေနေမှတော့ ဒီကောင်ကိုယ့်ကိုဖြုပြီးပေါ့ ရွှန်း။ မင်းမိဘတွေကို ကိုယ်တို့အကြောင်း ချွန်တွန်းလုပ်နေရင် ကိုယ်တို့ဝေးသထက် ဝေးမှာပဲ”

“သူအဲလိုလုပ်တာကိုတော့ ရွှန်းလက်မခံပါဘူး စည်း။ ရွှန်းကိုလည်း သူဘောင်မကျော်ရဲပါဘူး။ တကယ်လို့ သူလုပ်လာလည်း ရွှန်းကမိဘတွေကို အတိုက်အခံလုပ်ဖို့ ဝန်မလေးပါဘူး။ ဒါပေမဲ့ စည်း ဘက်ကတော့ ရွှန်းပြောအားရှိချင်တယ်”

“ဘာကိုလဲ”

သိလျက်နှင့်အငေါ်တူးကာ မေးလိုက်ခြင်းလည်း ရွှန်းမျက်နှာလေးက မသိမသာမှုန်မှိုင်းနေ လျက်

"စည်း ခဏခဏရန်မဖြစ်ပါနဲ့လား။ ဟိုလူအကူ ဒီလူအတွက် စည်းအတွက် စည်းနဲ့ခဏခဏဒီ အသံမျိုးပဲ ကြားနေရတယ်"

"ကိုယ်က မတရားတာ ဘာတွေလုပ်နေလို့လဲ ရွှန်း၊ လူတွေက သည်းခံမှန်းသိရင် ခေါင်းပေါ် တက်ချေးပါချင်ကြတာ။ သူတို့ထက် မိုက်ပြထားမှ ဆရာခေါ်ချင်ကြတာ"

"အယူအဆအများပါ စည်းရယ် ပြဿနာမဖြစ်အောင်နေရင် ပြဿနာမဖြစ်ပါဘူး"

"ဒါဆို မနေ့ညက မင်းအကောင်းချောင်းရိုက်တာကို ဒီအတိုင်း ငြိမ်ခံနေလိုက်ရမှာလား ရွှန်း"

"ဟို"

ဒီတစ်ခါ ကျော်ခိုင်းဘွားတို့ဘက်က လွန်သည်ဆိုတာတော့ ငြင်းလို့မရပေ။ ချောင်းရိုက်သည် ဆိုတာကတော့ အလွန်ကိုအောက်တန်းကျသည်လုပ်ရပ်ပါ။ ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် ရောက်လာသော စည်းကိုကြည့်၍ ရွှန်းစိတ်ထဲဘယ်လိုမှ မကောင်းနိုင်ပေ။

သူမ ဥပါဒါန်းကြောင့်ဆိုတော့ ပိုလို့ပင် ရင်ထဲမကောင်းနိုင်။

"စည်း"

"ဘာလဲ"

စည်းချက်ညီ ဂျစ်ကန်ကန်ပြန်ထူးပြီး မျက်ခုံးနှစ်ခုတွန့်ချိုးထား၏ ။ ရွှန်းကို စိတ်ကောက်နေသည့် သဘော။

"ဒီနေ့ကျောင်းမတက်နိုင်ဘူး မဟုတ်လားပင်။

စည်းဘယ်သွားချင်လဲသွားလေ”

“မသွားချင်ပါဘူး။ ဒီပတ်တီးကြီးနဲ့”

“အမယ်လေး ဒါလေးများ ဦးထုပ်လေး ဝယ်ဆောင်လိုက်ရင်း ပြီးတာပဲ”

“ရွှန်း ဝယ်ပေးမှာပေါ့ စည်းရဲ့”

“ဒါဆို ကိုယ်ကန်ပေါင်ကပဲ စောင့်မယ်။ ရွှန်းဦးထုတ်ဝယ်ပြီး ပြန်လာခဲ့”

“ဟင်… ရွှန်း တစ်ယောက်တည်း”

“အင်းလေ…. ဘယ်စင်တာဖြစ်ဖြစ်၊ ကုန်တိုက်ဖြစ်ဖြစ်ဝယ်လို့ ရတာ ပဲ။ ကိုယ်ကဒီပုံစံနဲ့ လိုက်ရ မှာလား”

ပတ်တီးက အထူကြီးလည်း မဟုတ်ဘဲနှင့် စည်းချက်ညီ တမင်ရစ်နေသည်ဆိုတာ သူမသိ သည်။ ဒါပေမဲ့လည်း သူမပြောမနေချင်တော့။ ဒီနေ့ စည်းကျောင်းမတက်လျှင် သူမလည်း ကျောင်း တက်ဖြစ်တော့မှာ မဟုတ်တာမို့ ကားလေးကို မောင်းကာ စည်းအတွက် ဦးထုပ်ဝယ်ထွက်ခဲ့ရသည်။

ကုန်တိုက်မှာ စည်းအတွက် အနက်ရောင် လျှာထိုးဦးထုပ်လေးကို စတိုင်လ်မိမိလေးရှာကာ ဝယ်လာခဲ့ရသည်။ စည်းက ကန်ပေါင်က အအေးဆိုင်မှာထိုင်ကာ ဖုန်းနှင့် ဂိမ်းဆော့ရင်း အေးအေးလူ လူပင် ထိုင်စောင့်နေ၏ ။

“စည်း”

“သြော် ရွှန်းပြန်လာပြီလား ပြပါဦး ကိုယ်နဲ့လိုက်ရဲ့လားလို့”

“အနက်ရောင်လေးပါ စည်းအကြိုက်”

“အင်း မဆိုပါဘူး”

စည်းကအရောင်တွေထဲမှာ အနီနှင့်အနက်ကို အကြိုက်ဆုံးဖြစ်သည်။

ဒါကြောင့်လည်း စည်း ရဲ့ စိတ်ဓာတ်များက မာကျောရဲရင့်နေခြင်းဖြစ်မည်။

“စည်း ဘာမှ မှာမစားထားဘူးလား”

“ရွှန်းလာမှ စားမလို့၊ ရေသန့်ပဲမှာသောက်ထားတယ်”

စည်းက ဒီအကျင့်လေးတော့ ချစ်စရာကောင်းသည်။ သူမနှင့် အတူတူမဟုတ်ဘဲ ဘာအစား အသောက်ကိုမှ မှာမစားတက်ပေ။ ဗိုက်ဆာနေတောင် ရေပဲသောက်နေတတ်သူပါ။

သူမကမှာကျွေးမှ သူမမှာစားတာကိုပါ သူ့ဟာစားလိုက် ကိုယ့်ဟာ စားလိုက်နှင့် နေတက်သူပါ။

“စည်းဘာစားမလဲ”

“ကိုယ်ဗိုက်ဆာနေပြီ ကြက်ဆီထမင်း ရွှန်းရော”

“ရွှန်းက မြေအိုးမြီးရှည်သောက်မယ်။ အဲဒါမှ အဆင်ပြေမှာ”

“အင်း ကောင်းတယ်”

စည်းက ဒါပဲပြောသည်။ သူမပဲစားပွဲထိုးလေးကိုခေါ်ကာ မှာလိုက်ရ၏ ။ သူမအတွက် စည်းအလိုက်သိသည်ဆိုတာမျိုး သိပ်မရှိပါ။ သူမကလည်း ထိုဂျစ်ကန်ကန်အပြုအမူလေးကိုပဲ စွဲလမ်းနေခဲ့မိတာ။

“စည်း အဲဒီ ဖုန်းကြီးချထားလိုက်တော့ကွာ။ ရွှန်းရောက်လာတာ ရွှန်းနဲ့ စကားပြောမှပေါ့”

ဒါကျတော နာခံတတ်သလိုနှင့် ဖုန်းကိုပိတ်ပြီး စားပွဲပေါ်တင်ကာ ရွှန်းမျက်နှာကိုကြည့်၏ ။ ရွှန်း ကချစ်မြတ်နိုးသွားကာ

“ ဒါစားပြီးရင် ဘယ်သွားမလဲ စည်း”

“ရုပ်ရှင်သွားကြည့်မယ်”

“ပြီးတော့ ကော”

“အင်းလျားကန်ပေါင်မှာ ညနေဆည်းဆာခံစားမယ်။ ပြီးရင် ကျော်စွာတို့နဲ့”

“အိမ်အပြန် ဘီယာသောက်မလို မဟုတ်လား။ စည်းရယ် မသောက်ပါနဲ့လား။ အဲလိုသောက် စားပြီး အန္တရာယ်များပါတယ်”

“ကိုယ်က အမြဲတမ်းသောက်စားတက်တဲ့ အရက်သမားမှ မဟုတ်တာ။ သူငယ်ချင်းတွေနဲ့ အပျော်ပါပဲ”

“အဲဒီ အပျော်ကနေ သောက်ရင်းစားရင်း ပြဿနာဖြစ်ကြတာ မဟုတ်လားစည်းရယ်။ ကျောင်း ဆင်းချိန် အိမ်တန်းပြန်ရင် ဘာပြဿနာတက်ချိန်ရှိမှာလဲ”

“ရှေးရိုးအစွဲတွေနဲ့ ကိုယ့်ကိုဆူနေတာလား ရွှန်း၊ ဒီခေါင်းက မေမေကွိုင်ထားလို့ ပူနေတုန်းနော်။ ကိုယ့်ကိုလာ မချုပ်စမ်းနဲ့”

ဒီလိုပြေတာလည်း ရွှန်းငြိမ်းနေပေးလိုက်ရသည်။ စည်းကလွတ်လပ်ပေါ့ပါးစွာနေချင်သူ။ စည်းက ချုပ် ချယ်ခံပြီး မွန်းကျပ်မှုကို မကြိုက်ပေ။

သူကမပဲ သူ့အကြိုက်ကိုလိုက်နေရတာ ပါ။

“စည်း… မြီးရှည်သောက်ဦးလေ”

“အင်း…. ကြက်ဆီထမင်းလည်းစား”

အစားအသောက်ရောက်လာတော့ အလဲအလှယ်လုပ်ကာ စားကြသည်။ စည်းနှင့်တက္ကသိုလ်ရောက်မှ တွေ့ကြသည်ဆိုသော်လည်း ပထမနှစ် စည်းရည်းစား စကားပြောပြီး သုံးလလောက်မှာပဲ သူမအဖြေ ပြန်ပေးခဲ့သည်။

ဒါကြောင့်တစ်ယောက်အကြောင်း တစ်ယောက်ဂဃနဏသိဖို့ အချိန်က

တိုတောင်းလွန်းခဲ့၏ ။ အစက စည်းကို ဒီလိုလူပေလေးလို့ မထင်မိ။ စည်းချက်ညီဆိုသည့် ကောင်လေးက ချောသည့်ခန့် သည်။ စမတ်ကျသည်။ လူငယ်ဆန်ဆန် လွတ်လပ်ပေါ့ပါး ခေတ်မီသော အဝတ်အစား ဒီဇိုင်းများဖြင့် အရမ်းကြည့်ကောင်း၏ ။

သုံးလအတွင်း သူမအနားနေ့ညမပြတ်ရှိခဲ့သော စည်းကိုဖွဲ့ကောင်းသည်ဟုလည်းထင်ခဲ့မိသည်။ ဒါကြောင့်လည်း သူမစည်းကို အဖြေပြန်ပေးခဲ့တာပါ။ တကယ်ချစ်ခဲ့မလို့ဆိုကလည်း မမှားပေ။

စည်းလည်း သူမကိုတော့ ချစ်မှာပါ။ ဘယ်ယောကျ်ားလေးမှ သူမအနားကပ်တာ ရိသဲ့သဲ့လုပ် တာမကြိုက်ဘူး မဟုတ်လား။ ကျော်ခိုင်ဘွားကိုဆိုလျှင် ပိုဆိုးသည်။ မိဘချင်းရင်းနှီးလို့ အခွင့်အရေးယူ တာကို လုံးဝမကြိုက် ကျော်ခိုင်ဘွားကလည်း ခြေတို့လက်တို့ဖြင့် ရင်းနှီးပါသည်ဆိုသည့်အထာနှင့် ရောနှောပတ်သက်ချင်သူ ဒါကြောင့်လည်း စည်းနှင့် တစောင်းစေးနှင့် မျက်ခြေး။ ကြောင့်နှင့် ကြွက်လို့ မျက်နှာချင်းဆိုင်လိုက်တိုင်း မတည့်ဖြစ်နေကြတာ။

“ရွှန်း….ဘာတွေတွေးပြီး ငိုင်နေတာလဲ။ လူကသာ ကိုယ့်ရှေ့မှာ စိတ်ကဘယ်ကောင်ဆီရောက် နေတာလဲ”

“မသိဘူးလေ ကိုယ့်မျက်နှာကို မကြည့်ဘဲ အာရုံက တခြားရောက်နေသလားလို့”

“မရောက်ပါဘူးရှင်။ စည်းအကြောင်းဘဲ အာရုံက တခြားရောက်နေသလားလို့”

“မရောက်ပါဘူးရှင်။ စည်းအကြောင်းပဲ တွေးနေတာပါ။ စည်းအချစ်ကို လက်ခံတဲ့ အချိန်က စည်းကို ဒီလိုလူဆိုးလေးမှန်း မသိခဲ့ဘူးလို့”

“ရွှန်းက အခုကိုယ့်ကို လူဆိုးလူမိုက်လေးလို့ သတ်မှတ်နေတာပေါ့”

“အဲလိုလည်း မဟုတ်ပါဘူး စည်းရယ်။ စည်းအဲလို ခဏခဏ ရန်သတ်တာတော့ရွှန်းတကယ် မကြိုက်ဘူး။ မေမေတို့ကလည်း စည်းသတင်းကိုကြားပြီး လက်မခံနိုင်ဖြစ်နေကြတာ”

“လူကိုမမြင်ဖူး မတွေ့ဖူးဘဲ သတင်းကြားရုံနဲ့ အဲလိုဖြစ်တယ်ဆိုတာ ဟိုကောင် မိန်းမညာဏ်နဲ့ ချွန်းတွန်းလုပ်နေလို့ပေါ့ ရွှန်း။ အဲဒါကြောင့် ဒီကောင့်ကို မကျေနပ်တာ”

“အဲဒါကို ပြဿနာသွားရှာနေတော့ ပိုဆိုးတာပေါ့ စည်းရယ်၊ စည်းက ရွှန်းရဲ့ချစ်သူ ရွှန်းမျက်နှာ ကိုပဲကြည့်ပါ။

“ကိုယ့်ကိုလူပါးဝတာတော့ မခံနိုင်ဘူးရွှန်း၊ ရွှန်းကိုချစ်တာ ချစ်တာပဲ၊ ရွှန်းအပေါ် အခွင့်အရေး ယူတာကိုရော ကိုယ်က ဒီအတိုင်းငြိမ်ကြည့်နေရမှာလား။ ဒီလိုကောင်မျိုးက မှတ်လောက်သားလောက် ဖြစ်အောင် လုပ်ပေးမှ အုပ်စုဖွဲ့ပြီးပဲ လေကျယ်ရဲတာ တစ်ယောက်တည်းဆို အီးတောင်ကျယ်ကျယ်မ ပေါက်ရဲဘူး။ အလကား ခွေးဝဲစား သတ္တိမရှိတဲ့ကောင်”

“စည်းရယ်”

စည်းချက်ညီ ဒေါသသံပါလာပြီဆိုတော့ သူမဘာမှမပြောချင်တော့ပေ။ ကျော်ခိုင်ဘွားကလည်း ကျော်ခိုင်ဘွားပါပဲ။ သတ္တိမရှိဘဲ စိန်ခေါ်ရန်စချင်သူ။

အုပ်စုဖွဲ့အနိုင်ကျင့်ချင်သည့်အထဲမှာပါသည်။ စည်းကတော့ အဖော်မခေါ်ဘဲ တစ်ယောက် တည်းမိုက်ပြရဲသူပင်။

ဘယ်သူ့ကိုအပြစ်ပြောရမှာလဲ။ တကယ်တွေးကြည့်တော့လည်း စည်းမလွန်ပေ။ စည်းကသူကို ရန်မစလျှင် ဟောင်ဖွာ ဟောင်ဖွာ ရန်မစတတ်သူပါ။ သူ့ကိုရန်စပြီဆိုလျှင်တော့ အဲဒီ လူကိုတော်တော် နှင့် အငြိုးမပြေတတ်။

သူမစည်းကိုချစ်ခဲ့မိတာများပြီလား။ ဟင်အင်းများပြီလို့တော့ မထင်ပါ။

သူမစည်းကိုချစ်လို့ ချစ်ခဲ့ မိတာပဲလေ...။

***

## အခန်း(၄)

"အဲလိုတော့ မပြောနဲ့သမီး။ သမီးကောင်းလေးဘက်က ဘက်လိုက်ပြောတာကို မမေမကြိုက် ဘူး။ အဲဒီ ကောင်လေးရဲ့ လူမိုက်ဆန်ဆန် အပြုအမူတွေကို မမေမကြိုက်ဘူး။ အဲဒီ ကောင်လေးရဲ့လူ မိုက်ဆန်ဆန် အပြုအမူတွေကို မမေတို့ လုံးဝလက်ခံမပေးနိုင်ဘူး။ အဲဒီ ကောင်လေး ရိုက်လွှတ်လိုက် လို့ မောင်ကျော်ခိုင် လက်မှာရော။ မျက်နှာမှာရော ဒဏ်ရာရသွားတယ်။ သူ့မိဘတွေကို မမေဘယ်လို မျက်နှာပြရမှန်းတောင် မသိဘူး"

"အဲဒါ သူကအုပ်စုဖွဲ့ပြီး သွားချောင်းရိုက်တာကိုး မမေရဲ့ သူသာအဲလိုမလုပ်ရင် ဒီလိုဖြစ်ပ့ါ မလား။ သူ့မိဘတွေ မေးလာရင် အဲဒီ အတိုင်းပဲ ရှင်းပြလိုက်ပါမမေ။ သူတို့လူတစ်ယောက်ကို ချောင်း ရိုက်တဲ့ကိစ္စကမှ သေစေနိုင်တာပါ။ ဟိုကမသေလို့သာပြန်ပြီး ခုခံနိုင်တာပါ။ သုံးယောက်နဲ့တစ်ယောက် အင်အားကိုလည်း တွက်ကြည့်ပါဦး။ ဘယ်သူက အနိုင်ကျင့် ယုတ်မာတာလဲဆိုတာ"

"သမီး"

ရည်းစားဘက်က ဆတ်ဆတ်ထိမခံ ကာကွယ်ပြောနေသော သမီးကိုဒေါ်ခင်မလှိုင် ဒေါသဖြင့် ကြည့်ပစ်လိုက်သည်။ အသုံးအကျသော ရည်းစားဘက်က ရဲဝံ့နေတာကိုမကြိုက်ပါ။

"အဲဒီ ကောင်က ဘယ်လောက်တောင် တန်ဖိုးရှိနေလို့ ဆတ်ဆတ်ထိမခံဖြစ်နေတာလဲ သမီး။ မောင်ကျော်ခိုင်မိဘတွေက မမေနဲ့ ငယ်သူငယ်ချင်းတွေပါ။ မောင်ကျော်ခိုင်ဆိုးတာ ကောင်းတာထက်

သူ့မိဘမျက်နှာကိုထောက်ရမယ်။ သူတို့နဲ့ မျက်နှာပျက်ရတဲ့အဖြစ်မျိုး အဖြစ်မခံနိုင်ဘူးသမီး၊ အခုက သမီးနဲ့ ပတ်သက်လို့ ဒီလိုကိစ္စတွေဖြစ်ရတယ်ဆိုတာ ကောင်းသလား”

“သူ့ကိုဘယ်သူက လာပတ်သက်ခိုင်းနေလို့လဲ မေမေ။ သူကသာ တမင်တကာ အခွင့်အရေးယူပြီး ရောနှောပတ်သက်ချင်လို့ အကြောင်းအမျိုးမျိုးရှာနေတာ စည်းကိုလည်း သူပဲရန်ရှာနေတာ မေမေ”

“သူ့ကို မေမေက သမီးရဲ့တစ်ကျောင်းတည်းမို့ စောင့်ရှောက်ခိုင်းထားတာလေ။ ဒါကြောင့် မို့သူ ကစောင့်ရှောက်နေတာ”

“သူစောင့်ရှောက်ရအောင် သမီးက ကိုယ့်ကိုယ်ကိုယ်မထိန်းသိမ်းတက်တဲ့ မိန်းကလေးမို့လား မေမေ”

“ဒါဆို လူဆိုးလူမိုက်ကောင်းကို ဘာလို့ ရည်စားတော်ရတာ လဲ သမီး”

“စည်းကိုမေမေတစ်ခါမှ မြင်ဖူးတွေ့ဖူးတာမဟုတ်ဘဲနဲ့ အဲလိုသတ်မှတ်တာတော့ မကောင်းပါဘူး မေမေ။ စည်းက ကျော်ခိုင်ဘွား ပြောထားတာလောက် ဆိုးတဲ့လူမဟုတ်ပါဘူး။ သူ့ကိုရန်မစဘဲ ရန်ပြန်လုပ်တတ်တဲ့သူမဟုတ်ပါဘူး”

“တော်စမ်း သမီးအဲလို ရန်ပြန်လုပ်တတ်တာကို ကောင်းတဲ့ အကျင့်လား။ အဲဒါကိုက ပြဿနာ ကောင်း၊ သမီးအတွက် ချစ်သူကောင်းအိမ်ထောင်ဖက်ကောင်းဖြစ်လာမယ် ထင်သလား။ဒီကိစ္စကို နိုင်ငံခြားသွားနေတဲ့ သမီးအဖေကို အသိပေးမှဖြစ်တော့မယ်”

ဒါကိုတော့ အလုပ်လုပ်နေသော ဖေဖေ့ကို စိတ်ဆင်းရဲမှုမပေးစေချင်ပေ။ ဖေဖေက သူမတို့ သားအမိအတွက် တခြားနိုင်ငံမှာ ပညာရှင်အနေဖြင့် အလုပ်လုပ်နေတာပါ။ သူမတို့သားအမိကိုလိုလေ သေးမရှိ ပြည့်စုံအောင် ထားနိုင်သည်။ မေမေဆိုလည်း ဝတ်ချင်သည် ရတနာဝတ်ပြီး ဘာအလုပ်မှမ လုပ်ရ။

သူမကိုလည်း ကိုယ်ပိုင်ကားစီးကာ ပညာကိုပဲ သင်စေသည်။

ဒီလို လင့်ဂတ္တရား။ ဖခင်ဂတ္တရား ကျေလွန်းသည့်ဖေဖေကို ဘာမဟုတ်သည့် ကိစ္စလေးနှင့် စိတ်ဆင်းရဲမှုပေးစရာလား။

“ဖေဖေ့ကိုတော့ ဘာအကြောင်းမှမပြောပါနဲ့ မေမေ။ ဘာမှဟုတ်တာလည်း မဟုတ်ဘဲနဲ့ ဖေဖေ စိတ်ဆင်းရဲရုံပဲ ပေးစရာပါလား။

“ငါဆုံးမတာကို မနာခံရင် ညည်းအဖေကို လှမ်းတိုင်ရုံပဲရှိတော့တယ်ရှင်း၊ ဖအေက ဒီလောက် ပြည့်ပြည့်စုံစုံထားတယ်။ ညည်းက ပညာကောင်းကောင်းမသင်ချင်ဘူး”

“သမီးက ပညာကောင်းကောင်းမသင်လို့ ဘယ်နှခါများ စာမေးပွဲကျဖူးလို့လဲ မေမေ”

“ပညာမစုံဘဲ ရည်စားထားတာကရော”

“တက္ကသိုလ်ရောက်တာတောင် ရည်စားမထားရဘူးတော့ဘူးလား မေမေ၊ မေမေနဲ့ ဖေဖေ တုန်းက ကျောင်းမပြီးသေးဘဲ လက်ထက်ခဲ့ကြတာဆို သမီးတို့က အဲလောက်မိုက်မဲဖို့ထိ စဉ်းစားမထား ပါဘူး”

“ဘာ”

“ကျောင်းပြီးမှ နှစ်ဖက်မိဘစကားကြောင်းလမ်းခိုင်းမယ် အသိပေးကြမယ်လို့ သမီးတို့တိုင်းပင် ထားကြတာပါ”

“ဘယ်သူက သဘောတူမှာမို့လဲ”

“မေမေ”

“အဲဒီ ကောင်နဲ့ ငါလုံးဝသဘောမတူဘူး ရှင်း။ ဒီကောင်က ဘယ်လိုကောင်မျိုးလဲဆိုတာ ငါသိ သင့်သလောက်သိထားတယ်”

စည်းပြောသလို ကျော်ခိုင်ဘွားလက်ချက်ဆိုတာသူမသဘောပေါက်လိုက်သည်။ ကျော်ခိုင် ဘွား တကယ်အကျင့်မကောင်းသည့်ကောင်ပါ။ သူဘာမပြောလျှင် သူမရည်စားရှိတာတောင် မေမေသိ မည်မဟုတ်။ အခုတော့ သူ့စကားတွေကြောင့်သာ စည်းကိုမေမေဘလိုင်းကြီး သက်သက်အပြစ်မြင်နေ တာ။

“ကျော်ခိုင်ဘွားပြေတာလောက်နဲ့ စည်းကိုမေမေအပြစ်မမြင်သင့်ပါဘူးမေမေ။ စည်းကို မေမေ အရင်လေ့လာကြည်ပါဦး။ စည်းကမိကောင်းဖခင်သားသမီးကို သူ့အဖေက ကုမ္ပဏီမှာအေးအေးဆေးဆေးအုပ်ချုပ်တတ်တဲ့သူပါ။ သူ့အမေကလည်း ကုမ္ပဏီမှာအတူ တူလုပ်နေပေမယ့် နာမည်ဆိုးမရှိပါဘူး။ သူတို့စီးပွားရေး သူတို့အခြေအနေနဲ့အောင်မြင်နေတဲ့သူတွေပါ ပဲ”

“အဲဒါကို အထင်ကြီးပေးရမှာလား။ ဒီကမ္ဘာမှာ သူတို့ထက်သာတဲ့ သူတွေမရှိတော့ဘူးလား။ အဲ လိုပြောကြကြေးဆိုရင် ကျော်ခိုင်ဘွား မိဘတွေက မေမေတို့ထက်တောင်ပြည့်စုံကြသေးတယ်။ သူတို့ လည်း လုပ်ငန်းကြီးလုပ်ပြီး ချမ်းသာနေကြတဲ့သူတွေပဲ”

“သူတို့ချမ်းသာတော့ရော သမီးက ဘာလုပ်ရမှာလဲ မေမေသူများမိသားစုကိစ္စ ဝင်စွက်ဖတ်တဲ့ သူကိုယ်နဲ့မဆိုင်ဘဲ ဝင်ပါတတ်တဲ့သူမျိုးကို သမီးအမုန်းဆုံးပဲ”

“ရွှန်း… ညည်း”

မေမေက ညည်းတွေပါကတွေးသုံးလိုက် မေမေနှင့်သမီးသုံးလိုက်ဖြင့် သူမကို စိတ်တိုင်းမကျ တွေဖြစ်နေခဲ့သည်။ သူမလည်း ဒီလောက်ထိ တုံ့ပြန်မိဖို့ မရည်ရွယ်ပါ။ ကျော်ခိုင်ဘွားနှင့် ပတ်သက်ဖို့ တွေ ပြောလာမှာစိုး၍ ကြောက်ကန်ကန်နေရခြင်းပင် မေမေက သူမကိုမျက်စောင်းဝေ့လျက်။

“ညည်း ကြပ်ကြပ်သတိထားရှန်း၊
ကျော်ခိုင်ဘွားတို့ညည်းဘာမှမကောင်းပြောစရာမလိုဘူး ။
ညည်းကိုငါစောင့်ရှောက်ခိုင်းထားတဲ့သူအတွက် သူစောင့်ရှောက်တာ
ညည်းနားမှာအရှုပ်အယှက်တွေ့ နေရင်လည်း သူရှင်းမှာပဲ။
တစ်ခုခုဖြစ်ပြီဆိုရင်လည်း သူပြန်ပြောမှာပဲ။ ညည်းနေထိုင်ထိုင်တက်အောင် နေပါ။
ဟိုကောင်နဲ့တစ်သက်လုံး သဘောမတူမှာဖြစ်တဲ့အတွက် ဘယ်လိုဆင်ခြင်ရမလဲ။
နောက်ဆုတ် ရမလဲ ညည်းစဉ်းစားထားပါ ဒါပဲ”

ပြောပြီး မေမေအပေါ်ထပ်တက်သွားသည်။ သူမကို
အမိန့်တွေအာဏာတွေနှင့် ချုပ်ကိုင်လိုက် ခြင်းပဲ မဟုတ်လား။

ဒါဟာ ကျော်ခိုင်ဘွားကြောင့်ပင်။သူမသည် စည်းလိုပင်
ကျော်ခိုင်ဘွားကို မကျေနပ်ချင်တော့။

သူနှင့် ဘာဆိုင်လို့လဲ။ ဒီလောက်ထိ စွက်ဖက်စရာလိုလိုလား။
တကယ်ဆို မေမေပြောထားတာ ရော။ သမီးရည်းစားကိစ္စတွေမှာ ခရေစေ့တွင်းကျ
သံတော်ဦးမတင်သင့်။ စည်းမကောင်းကြောင်း ကို ရော ယောကျ်ားအချင်းချင်း
မဟုတ်ကဟုတ်က ပိုပိုသာသာ ချောက်တွန်းစရာလား။

ဒါသူမရိုးသားလို့သာ ဒီလောက်ထိ ဖြစ်နေတာဖြစ်မည်။

ဟွန်းဒီကောင်နှင့် ဒီတစ်ခါ မျက်နှာချင်းဆိုင် ဆုံလိုကတော့ မလွယ်။

***

# အခန်း(၅)

“ခွပ်”

“ဟာ”

ကျော်ခိုင်ဘွား မျက်နှာလည်ထွက်သွားပေမယ့် သူ့ကိုပြန်မတုံ့ပြန်ရဲစွာ ရဲတွတ်သွားသောမေးရိုး ကို ပွတ်သပ်နေသည်။ အဖော်မပါတော့ တုန့်လှုပ်နေသောမျက်နှာနှင့်...

“မင်း....မင်း ဒါဘာလုပ်တာလဲ စည်းချက်ညီ”

“မင်းရော ဟိုနေ့က ငါ့ကိုဘာလုပ်သွားတာလဲ ကျော်ခိုင်ဘွား”

“ငါ ဘာလုပ်လို့လဲ။ ဘာမှမလုပ်ဘူး”

“ဟာ.... ငါကိုချောင်းရိုက်နေတဲ့နေ့က ပြေးတော့ဆိုတဲ့ မင်းအသံကိုခွေးချီသွားတောင် မှတ်မိတယ်။ မှောင်ရိပ်ခိုပြီး ရိုက်လိုက်တယ်ဆိုပြီး ငါကမင်းကို မင်းမှန်းမသိရတော့ဘူးတဲ့လား။ မင်းကိုယ် မင်း သိပ်ကိုလည်လှ လျှင်လှပြီထင်နေလား ကျော်ခိုင်ဘွား”

“ဆော...ဆောရီး၊ ငါ.... ငါတို့ လူမှားသွားတာ”

“ဟုတ်လား.... ဟင်....ဟင်”

တုန်လှုပ်ကြောက်ရွံ့နေသော ကျော်ခိုင်ဘွားကိုစည်းချက်ညီ လှောင်သလို သရော်သလို နှုတ် ခမ်းကိုမဲ့၍ ရယ်ပစ်လိုက်သည်။ ဒီကောင်အုပ်စုဖွဲ့မဟုတ်လျှင် သွေးကြောင်တက်မှန်း သူသိသည်။ ဒါ ကြောင့်မို့ ဒီကောင်သူငယ်ချင်းတွေနှင့်
သွေးကြောင်တက်မှန်း သူသိသည်။ ဒါကြောင့်မို့ ဒီကောင်သူ ငယ်ချင်းတွေနှင့်

မဆုံခင်လာပြီး ခြိမ်းခြောက်တာ။ အခုတော့ ဘလိုင်းကြီးမျက်နှာကို ထိုးချလိုက်တာ တောင် ပြန်ပြီးမတုန့်ပြန်ရဲပေ။

"ကျော်ခိုင်ဘွား"

"ဘာ…ဘာလဲ"

"ယောက်ျားဆိုတာအဲလို မျက်နှာချင်းဆိုင်ထိုးရဲရတယ်ကွ။ မိန်းမကျင့် မိန်းမညာဏ်နဲ့ နောက် ကျောကနေ အမှောင်ထဲကနေ ချောင်းမရိုက်ရဘူးနားလည်လား"

"ငါလူမှား"""

"လူမှားတယ်ပဲထားပါ။ မင်းမှာအဲလို အကျင့်ရှိနေတာ မကောင်းဘူး။ အေ…အခုလို မဟုတ်မ မှန်လိမ်ညာပြောနေတာလည်း မကောင်းဘူး။ ပွင့်ပွင့်လင်းလင်းပေါ့ကွာ။ ရွှန်းနဲ့ပတ်သက်ပြီးမင်းငါ့ကိုမ ကျေနပ်နေတာမဟုတ်လား"

"ဟို"

"ဟိတ်ကောင်… မင်းယောက်ျားမဟုတ်ဘူးလား"

"ဟုတ်…ဟုတ်တယ်။ ရွှန်းအမေက ငါ့ကိုစောင့်ရှောက်ခိုင်းထားတာ"

"မင်းကို….ဟား ဟား"

မင်းက ဘာရယ်တာလဲ"

"မင်းက ဘယ်လောက်ကောင်းတဲ့ကောင်မို့ စောင့်ရှောက်ခိုင်းနေတာလဲ့လို့ပါ။ ကျော်ခိုင်ဘွား.. မင်းစက်ရုံက ကောင်မလေးကို ဖျက်ဆီးလိုက်တာ ငါမသိဘူးများအောက်မေ့နေလား"

"ဘာ"

ကျော်ခိုင်ဘွား ကျောကော့သွားလောက်အောင် ဆတ်ခနဲတုန်သွားသည်။ ဒီကောင်သတင်းကို အထူးတလည် စုံစမ်းစရာတော့မလိုပါ။ ကျော်စွာနှင့်အောင်ကြီးက တစ်ကျောင်းလုံးမှာ စပ်စပ်စုစုနှင့်မ သိတာမရှိ။ အင်တာနက်လည်း ကလိနေကြတာမို့ မဟုတ်သည့် သတင်းရော၊ ဟုတ်သည့်သတင်းရော ဒီကောင်တွေ အကုန်သိသည်။

“ဘယ်လိုလဲ ကျော်ခိုင်းဘွား၊ မဟုတ်ပါဘူးလို့ ဖြောင်ငြင်းဦးမလို့လား။ မင်းကယောကျ်ားမဆန်တဲ့ အလုပ်တွေတော့ သိပ်လုပ်တတ်တဲ့ ကောင်ပဲ”

“ငါ…ငါ ဖျက်ဆီးတာမဟုတ်ဘူးကွ။ လိုင်းမို့လို့ ငွေပေးပြီးနေတာ ယောကျ်ားတိုင်းဒါမျိုးတော့ မကင်းပါဘူးကွာ”

“ယောကျ်ားတိုင်းဆိုတဲ့ စကားမပြောနဲ့ အဲလိုအလုပ်မျိုးမင်းလိုအောက်တန်းကျတဲ့ကောင်တွေပဲ လုပ်တာ။ ယောကျ်ားစစ်စစ်တွေက ကိုယ်အာသာပြေဖို့အတွက် ဘယ်လိုမိန်းကလေးမျိုးကိုမှ ငွေပေးပြီး တော့ပဲ ဖြစ်ဖြစ် နှမချင်းမစာမနာဘယ်တော့မှမလုပ်ဘူး။ ကိုယ်ကျင့်တရားလည်း အပျက်မခံကြဘူးကွ၊ နားလည်လား”

“မင်းလိုကောင်ပါးစပ်က ဒီလိုစကားမျိုးထွက်ကာ အံ့ဩတယ်”

“ဘာ”

“မင်းကိုယ်မင်းရော သူတော်ကောင်းလို့ထင်နေလား စည်းချက်ညီ”

“မင်းလို့ သူယုတ်မာမဟုတ်တာတော့ သေချာတယ်။ ငါ့ကိုယ်ငါ အာမခံရဲတယ်။ မင်းလို မဟုတ် မမှန်သတင်းဖွပြီး မျက်နှာလိုမျက်နှာရ ဖားယားနေတက်တဲ့ ကောင်လည်း မဟုတ်ဘူး”

“မင်း”

“ရွှန်းအမေကို မင်းချွန်တွန်းလုပ်နေတာမဟုတ်လား။ မင်းမပြောရင်

ရွှန်းအမေငါ့အကြောင်း သိစရာအကြောင်းမရှိဘူး။ အေး....မင်း သိထားအောင် ပြောလိုက်မယ်။ ငါဆိုတဲ့ကောင်က သိပ်ဂရုစိုက် တက်တဲ့ကောင်မဟုတ်ဘူး။ ရွှန်းကိုချစ်တယ်။ ရွှန်းကလည်း ငါ့ကိုချစ်တယ် ရွှန်းလက်ခံရင်ပြီးတာပဲ ရှင်းတယ်နော်”

ကျော်ခိုင်ဘွား မျက်နှာမဲ့သွားသည်။ ချွန်တွန်းလုပ်ဖို့တစ်ခုရပြီဟု တွေးလိုက်တာဖြစ်လိမ့်မည်။ သူကသဘောပေါက်နေကာ

“မင်း ဘာတွေးလိုက်တယ်ဆိုတာ ငါသိတယ်။ ကျော်ခိုင်ဘွား၊ ရွှန်းအမေကို ငါဂရုမစိုက်တဲ့အ ကြောင်းပြောမလို့ မဟုတ်လား။ အေး... မင်းပြောချင်ပြော မပြောချင်နေ ငါဂရုစိုက်ဘူး။ မင်းလိုကောင် ကို လူကောင်းထင်နေတဲ့ ရွှန်းအမေကိုတော့ ငါသနားတယ်။ ရွှန်းကတော့ မင်းအကြောင်းသိပြီးသားပါ။ ဒါကြောင့်လည်း မင်းထက်တန်ဖိုးရှိတဲ့ ငါလိုကောင်ကို အသည်းစွဲချစ်နေတာပေါ့ကွာ ဟုတ်တယ်နော်”

“မင်း သိပ်ပျော်မနေပါနဲ့ စည်းချက်ညီ၊ ရွှန်းက သူ့အဖေကို သိပ်ချစ်တာ။ သူ့အဖေသဘောမ တူဘူး တစ်ခွန်းပြောလိုက်တာနဲ့ မင်းလိုကောင်ကို လက်ထက်မယ်ထင်လို့လား ဝေးပါသေးတယ်”

“ဟုတ်လား။ အဲဒါဆို ရွှန်းကိုမေးကြည့်ရဦးမယ်။ ငါ့ထက်များ သူ့မိဘတွေကို ပိုချစ်သလားလို့ ပေါ့”

“အေးပါ မင်းကလူကြီးမိဘကို မခန့်လေးစား မရှိမသေ မလေးစားတက်တဲ့ကောင်ပဲ။ မင်းလို ကောင်ကိုချစ်နေတဲ့ ရွှန်းလည်းမိုက်မဲနေတာ။ ဒါပေမဲ့ ရွှန်းမိဘတွေကတော့ ရွှန်းမိုက်မဲမှာကို ကြာရှည် ခွင့်ပြုထားမှာ မဟုတ်ဘူး။ မင်းကိုယ်ကိုယ် နားလည်သွားမှာပါ”

ကျော်ခိုင်ဘွားက ကြောက်ကန်ကန်ကာ ပြောနေခြင်းဖြစ်သည်။ သူတစ်ချက်ပြုံးလိုက်ပြီး..

"မင်းလည်း ကိုယ့်ကိုယ်ကိုယ် နောင်တမရအောင် ကြိုးစားထား။ ငါနဲ့ ရွှန်းကြားမှာ ခဏခဏ ဝင်မရှုပ်နဲ့ ငါမျက်စိနောက်လာရင် ငါ့လက်သီးက အကြောင်းသုံးပါးသိပ်ရွေးနေတာမဟုတ်ဘူး"

"မင်းသိပ်ပြီး ဘဝင်မြင့်မနေနဲ့ စည်းချက်ညီ ရွှန်းမင်းဘက်ပါ နေ့လို့ အောက်ခြေလွှတ်နေသ လား မသိပေမယ့် တစ်နေ့မင်း အကျနာမှာ မြင်ယောင်နေလို့ ငါသတိပေးတာ"

"ငါ့အတွက် စိုးရိမ်မနေနဲ့ မင်းကိုမင်းပဲ အသက်ရှင်အောင်ကြိုးစား ငါသတိပေးပြီးပြီနော်။ ဆင်ဆင်ခြင်ခြင်နေပါ"

ပခုံးကို သုံးချက်လောက် ခပ်နာနာ ပုတ်ခဲ့ပြီးမှ သူထွက်လာခဲ့သည်။ ကင်န်တင်းမှာကျော်စွာနှင့် အောင်ကြီးက အသင့်စောင့်နေ၏ ။

"နောက်ကျလှချည်းလား"

"ကျော်ခိုင်ဘွားကို နည်းနည်းဆုံးမနေတာ"

"မင်းကလည်းကွာ သွားပြီး သံသရာရှည်နေပြန်ပြီ"

"ဒီကောင်က မဆုံးမလို့မရဘူး။ ရွှန်းအမေအားကိုးနဲ့ အကြောတင်းနေတာ"

"သူ့ဘာသာ ဘာဖြစ်ဖြစ် ရွှန်းတစ်ယောက်လုံး မင်းဘက်ကရှိနေတာပဲ"

"အဲဒါကြောင့်မို့ဆိုပြီး ဒီကောင့်ကို အလျှော့ပေးလိုက်ဖို့တော့ ငါစဉ်းစားမထားဘူး။ ဒီကောင်က ယောကျ်ားချင်းကျောနေတာ ခံရခက်တယ်။ ကိုယ်မပိုင်နိုင်မှန်းသိရင် လက်လျှော့ပြီး နောက်ဆုတ်နေတာ မဟုတ်ဘူး။ အောက်တန်းကျတဲ့နည်းလမ်းနဲ့ အောက်လမ်းနည်းသုံးနေတာ ရွံ့စရာကြီး"

"အဟင့်.... မင်းကလည်း အဲလိုကောင်မျိုးနဲ့တွေ့ဦးမှာပဲ"

"ဘာကွ"

သူစိတ်တိုကာ စားပွဲခုံကို ဒုန်းခနဲ ထုလိုက်သည်။ အောင်ကြီးက လေသံတိုးတိုးဖြင့် သူ့ကိုလက် တို့ပြီး ...

"မင်းက သူဌေးသားမို့ လျှော်နိုင်လို့ လုပ်တာကိစ္စမရှိဘူးနော်။ ကျောင်းကင်န်တင်းထဲမှာ ဆူပူ အကြမ်းဖက်မှုနဲ့ ကျောင်းထုတ်ခံရရင် ငါတို့မပါဘူး"

"မင်းတို့က တော်တော်ချစ်ဖို့ကောင်းတဲ့ ကောင်တွေနော်၊ ဟိတ်ကောင်တွေ...ငါကတော့ မင်းတို့ကိစ္စတွေကို အရိုးကြေကြေအရည်ခန်းခန်းကူညီလိုက်ရတာ ။ မင်းတို့ကကျတော့သေဖော်သေဖတ်တောင် အညှိမခံဘူး"

"အလကားစနေတာပါကွာ။ စိတ်ကိုထိန်းစမ်းပါ။ သူငယ်ချင်းရော ငါတို့က ကျော်ခိုင်ဘွားနဲ့ ပြဿနာ မဖြစ်စေချင်လို့ပါ။ ရွှန်းသူအမေကို ရင်ဆိုင်ဖို့ ခက်နေမှာပေ့ါကွာ"

"ဘာလို့လဲ"

"ဟ...ဒီကောင်က မင်းကနည်းနည်းဆိုပေမယ့် များများရွှန်းအမေကို ချွန်တွန်းလုပ်မှာလေ။ ရွှန်း အနေအစားချောင်မလား စဉ်းစားကြည့်ဦး"

ကျော်စွာပြောတာကို သူလက်ခံသည်။ ရွှန်းဘယ်လိုမှ သူ့မအမေမျက်စိအောက်မှာ အနေအ စားချောင်မည်မဟုတ်ပါ။ ဒါပေမဲ့ ဒါနဲ့ပဲ သူကရော အရာအားလုံးကို ထိန်းချုပ်ကျဉ်းကျပ်စွာနေသွားရ မည်လား။ သူခေါင်းတစ်ချက်ယမ်းလိုက်ကာ....။

"မဖြစ်ဘူး ရွှန်းကိုချစ်ပေမယ့် ဒီကောင်ကိုအရှုံးမပေးနိုင်ဘူး ရွှန်းအမေကို လေးစားသင့်မှန်းသိ ပေမယ့် ဒီကောင်စော်ကားတာကို ငြိမ်ခံမနေနိုင်ဘူး"

"ဒီလိုနဲ့ ရွှန်းက မင်းကိုစိတ်ကုန်ပြီး

သူ့မိဘတွေစကားကိုနားထောင်ပြီးမင်းကိုမချစ်တော့ရင်ရော ဖြစ်လား”

“ဘာ”

အောင်ကြီးစကားက ထိရောက်သည်။ ရင်ဘက်ကိုတည့်တည့်ထိ၏ ။ ရွှန်းမချစ်တော့ရင်ရော ဖြစ်လားတဲ့။ ဖြစ်ပါတယ်လို့ သူအလွယ်ပြောမထွက်နိုင်။

ခေတ္တမျှတုံ့ဆိုင်းသွားလျက်။

“ရွှန်း ငါ့ကိုဘယ်တော့မှ မချစ်ဘဲနေမှမဟုတ်ဘူး”

“လူဆိုတာ ချစ်တဲ့အချိန်ရှိသလို စိတ်ကုန်တဲ့ အချိန်ဆိုတာလည်းရှိတယ်လေ။ မင်းအပြုအမူ တွေစိတ်ကုန်တဲ့အချိန်ဆိုတာလည်း ရှိတယ်လေ။ မင်းအပြုအမူတွေ စိတ်မကုန်တဲ့နေ့မရှိဘဲနေမလား ကွ။

“မင်းပါးစပ်ပုပ်ကြီး ပလုတ်ကျင်းပစ်လိုက်ပစ်စမ်းကွာသွား”

အောင်ကြီးကုပ်ပိုးကိုဆွဲ၍ တွန်းပစ်လိုက်သည်။ အောင်ကြီးဟပ်ထိုးလဲမလိုဖြစ်သွားရင်းက

“အဲလို အနိုင်ကျင့်တတ်တာတွေကို မုန်းတာ လုပ်လိုက်ရင်အရမ်းပဲ”

“ဟိတ်ကောင် .... ငါ့ကိုအခြောက်လို လာမပြောနဲ့ လုပ်ထည့်လိုက်လို့ ဂိန်ခနဲဖြစ်သွားဦးမယ်”

“ကြည့် လူဆိုး”””

“ငါ”

“ဟိတ်ကောင် ....တော်ပြီ တော်ပြီ ငါမစတော့ဘူး။ မင်းက တကယ်လုပ်တဲ့ကောင်”

“အောင်ကြီးရာ .... မင်းက ဒီကောင့် အကြောင်းသိရဲ့သားနဲ့ သွားသွားစနေတယ်၊ ဒီမယ် စည်း”

“ဘာလဲ”

“အကောင်းပြောမလိုပါ။ ရိုရိုသေသေထူးတာမဟုတ်ဘူး”

“အောင်မာ ငါကမင်းတို့ကိုရိုသေစရာလား”

“အေးပါကွာ မရိုသေပါနဲ့ ပုံမှန်အတိုင်းပဲ ဆက်ဆံပါ။ ငါတို့စုံစမ်းလို့ရတာ တကယ်အတည့်ကွ။ ကျော်ခိုင်ဘွား၊ အချည်ဖမ်းလိုက်တဲ့ ကောင်မလေးက သနားစရာကွ၊ မိသားစုအတွက် ငွေလိုလို့လိုင်းထဲ ရောက်သွားတော့ဟုတ်တယ်။ ဒါပေမဲ့ အသက်ကလည်းငယ် အတွေ့အကြုံကလည်းမရှိတော့ ကိုယ် ဝန်ရှိသွားတယ်လို့ ပြောတယ်”

“ဘာ”

“ကျော်ခိုင်ဘွားက နှစ်ခါသုံးခါပဲ ပိုက်ဆံပေးတာတဲ့ နောက်ပိုင်းမပေးတော့ အဲဒါကိုဖြေရှင်းဖို့ လည်းအဆင်မပြေဘူးဖြစ်မှာပေ့ါ။ အခုတော့ ဒီကောင်က ရှောင်သွားပြီပြေးတယ်”

“တောက် ယုတ်မာလိုက်တာကွာ”

သူအရမ်းကို ကျော်ခိုင်ဘွားကိုဒေါသဖြစ်သွားသည်။ ဒီကောင်လောက်တောင် ယုတ်မာတတ် သည့်လူလား

“တောက် ဒီကောင့်ကို အမှုန့်ချေပစ်ချင်တယ်”

“မင်းနဲ့ဘာဆိုင်လို့လဲ သူ့ကိစ္စသူ့အကြောင်းပေ့ါ”

“ဒီလို ယုတ်မာတတ်တဲ့ကောင်က ရွှန်းအမေကို င့ါမကောင်းကြောင်းတွေ ပြောနေတာ ခံပြင်း လွန်းလို့ပါ။ ပြီးတော့ ရွှန်းကို ဘာတွေကြံစည်နေတယ်ဆိုတာ မသိနိုင်ဘူး”

“ယုတ်မာတတ်တဲ့ကောင်က ယုတ်မာတက်တဲ့ စိတ်တော့ရှိနေမှာပေ့ါ။ ဒါပေမဲ့ လူယုတ်မာနဲ့ လူ မိုက်က နာမည်လွဲပေမယ့် သိပ်ကွာတာ မဟုတ်ဘူးနော်”

“မင်းဆိုလိုတာက”

“ရွှန်းအမေက မင်းကိုလူမိုက်လို့သတ်မှတ်ထားတယ်”

“ကျန်တဲ့လူတွေလည်း ဒီလိုပဲလို့ မင်းပြောချင်တာလား”

“ငါတို့က မင်းကိုနားလည်ပါတယ်။ မင်းရဲ့စိတ်ကိုလည်း သိနေကြတာပဲ။ တစ်ခုပဲ ရွှန်းတစ်သက် လုံး နားလည်ဖို့နဲ့ ရွှန်းအမေလက်ခံလာဖို့”

“ငါရွှန်းအချစ်ကိုယုံတယ်။ ဘယ်တော့မှ ငါ့အပေါ်ပြောင်းလဲမှာ မဟုတ်ဘူး”

စည်းချက်ညီ တယူသန်လွန်းတာတော့ လိုက်မမီပေ။ ခေါင်းမာပုံက အဖေအမေနဲ့ရော တူရဲ့ လား။ နှစ်ယောက်စလုံးက ဒီလောက်စိတ်ဓာတ်မပြင်ထန်ကြဘူးဟု ထင်မိသည်။

ဒါပေမဲ့လည်း စည်းက ဒီအဖေဒီအမေက မွေးသည့်သားပါပဲ။

***